# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 22 , 2023 Volume 72, Number 16

၂၂.၁၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၀၂ US$ |
| မြန်မာ့ရွှေဈေး | = ၃၆၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၄၁၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၅.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၉၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၆၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလ တစ်လတာကာလအတွင်း တီလားဗီးယား ငါးပိဿာချိန် ၅၅၀၀၀ အထိ တင်ပို့ရောင်းချ



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ အောက်တိုဘာလ တစ်လတာကာလအတွင်း တီလားဗီးယားငါးပိဿာချိန် ၅၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ခင်ဝင်း၏ ပြောကြားချက်အရ သိရသည်။

ဘိုကလေးမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိသည်။ ထိုသို့ တင်ပို့ရောင်းချရာတွင် စက်တင်ဘာလအတွင်းက တီလားဗီးယား ငါးပိဿာချိန် ၄၁၀၀၀ သာ တင်ပို့ရောင်းချနိုင်ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အတွင်း တီလားဗီးယားငါးပိဿာချိန် ၅၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကထွက်ရှိတဲ့ ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကို အဓိကတင်ပို့ရောင်းချတယ်။ ရန်ကုန်ဈေးကွက်ကလည်း တီလားဗီးယားငါးတွေ ဝယ်လိုအားကောင်းနေတယ်။ ဒါကြောင့် ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရတယ်။ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရတာကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ ကုန်သည်တွေပါ အလုပ်အကိုင်အဆင်ပြေနေပါတယ်။ အခု ငါးဝယ်လိုအားကောင်းလာတာကြောင့် တချို့မွေးမြူသူတွေ ငါးအကောင်ရေထပ်တိုးမွေးမြူဖို့ပြုလုပ်နေပါတယ်။ ဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိပါတယ်"ဟု ဒေါ်ခင်ခင်ဝင်းက ပြောသည်။

ဘိုကလေးမြို့နယ်၌ မွေးမြူသည့် တီလားဗီးယားငါးနှင့် သဘာဝအတိုင်းဖမ်းယူရရှိသည့် တီလားဗီးယားငါးများထွက်ရှိကြောင်း၊ အဆိုပါ တီလားဗီးယားငါးသက်တမ်း

သည် သုံးလခန့်မွေးမြူရကြောင်း၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ အထိ ဈေးနှုန်းရရှိနေကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/48633

## နိုင်ငံပေါင်း (၄၀) ကျော်သို့ ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာ (၃၇၅) သန်းရရှိထား

ယခုဘဏ္ဍာနှစ် ဧပြီလမှအောက်တိုဘာလအထိ (၇) လတာကာလအတွင်း ပြည်ပဈေးကွက်သို့ မြန်မာ့ရေထွက်ကုန် တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ (၃၇၅) သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန(နေပြည်တော်)မှ သိရသည်။

တရုတ်နှင့်ထိုင်းနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း (၄၀) ကျော်ထံ မြန်မာ့ရေထွက်ကုန်များ တင်ပို့ထားခြင်းဖြစ်ပြီး သက်ဆိုင်ရာ နိုင်ငံများ၏ စည်းကမ်းချက်များနှင့်အညီ တင်ပို့လျက်ရှိကြောင်း ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းကပြောသည်။ “သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေနဲ့အညီ ရောဂါပိုးမွှားတွေ ကင်းရှင်းစေဖို့ ပြည်တွင်းက ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့မှုလုပ်ငန်းစဉ် တွေကို စနစ်တကျစီစဉ်ဆောင်ရွက်နေပါတယ်”ဟုဆိုသည်။

မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ လျက်ရှိသည်။

ပင်လယ်ရေကြောင်းနှင့်လေကြောင်းမှ တန်ချိန် (၁၂၀,၀၀၀) တင်ပို့ခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ရေထွက်ကုန် ပစ္စည်းတန်ချိန် (၁၂၁,၀၀၀) ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။ ပုံမှန်ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့်ဥရောပနိုင်ငံများသို့ တင်ပို့ နေပြီး တရုတ်၊ ထိုင်းနှင့်အိမ်နီးချင်းဈေးကွက်သို့ မူဆယ်၊ မြဝတီစသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=138370

## ပြည်ခရိုင်ရှိ သီဟိုဠ် ဈေးနှုန်းဈေးကွက်



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၌ သီဟိုဠ်ပင်နှင့် လျှော်ဖြူပင်များကို စိုက်ပျိုးထားရှိရာ သီဟိုဠ်စေ့ကို ပြည်တွင်း၌ အသုံးပြုရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ပို့ကုန် (Export) တန်းဝင် အသီးအနှံများ ဖြစ်စေရေး တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သီဟိုဠ်ပင်၏ မူရင်းဒေသမှာ တောင်အမေရိကနှင့်ဘရာဇီးနိုင်ငံ မြောက်ပိုင်းမှစတင်၍ အိန္ဒိယနိုင်ငံမှတစ်ဆင့် အာရှတိုက်အတွင်း၊ ဗီယက်နမ် နိုင်ငံမှတစ်ဆင့် အာဖရိကနိုင်ငံအနှံ့အပြားတွင် စိုက်ပျိုးလာခဲ့ကြရာ ပြည်ခရိုင်၊ ပြည်မြို့နယ်နှင့် ရွှေတောင်မြို့နယ်များတွင် စိုက်ပျိုးကြကြောင်း၊ သီဟိုဠ်ပင်ကို မေလနှင့်ဇွန်လတွင်စိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင် (၄၀)ခန့် စိုက်ပျိုးနိုင်ကြောင်း၊ သီဟိုဠ်စေ့ကို မြန်မာနိုင်ငံတွင် လူအများအပြားစားသုံးကြပြီး ပြည်ဈေးကွက်၌ သီဟိုဠ်အစေ့အဆန်များကို မုန့်ဖုတ်ခြင်း၊ အစားအသောက်ဟင်းလျာများတွင် ထည့်သွင်းအသုံးပြုခြင်းနှင့် လှော်၍ရောင်းချ ခြင်းများ ပြုလုပ်ကြကြောင်းသိရသည်။

ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်မှထွက်ရှိသော သီဟိုဠ်စေ့များကို ကုန်ကြမ်း (အစို) အတိုင်းသာ ရောင်းချလျက်ရှိကြောင်း၊ ယခင်နှစ်၌ ကုန်ကြမ်းအစိုတစ်ပိဿာလျှင် ၃,၀၀၀ ကျပ်ဖြင့် ရန်ကုန်သို့ ရက်ခြားတင်ပို့နိုင်သော်လည်း ယခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် အဖူးအပွင့်များ၊ အသီးများကြွေကျ၍ အထွက်နှုန်းများကျဆင်းလာပြီး ကုန်ကြမ်းအစို တစ်ပိဿာလျှင် ၃,၅၀၀ ကျပ်နှုန်းဖြင့် ပွဲစားများက လာရောက်ဝယ်ယူကာ ရန်ကုန်၊ ထောက်ကြံ့သို့ တင်ပို့ရောင်းချကြောင်းသိရသည်။ မြန်မာနိုင်ငံမှထွက်ရှိသော သီဟိုဠ်စေ့များသည် မူဆယ်ဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ ပြည်ပ ဈေးကွက်ရှိသည့်သီးနှံဖြစ်သောကြောင့် ဈေးကောင်းရရှိရေးအတွက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းသော မျိုးများ ကို ရွေးချယ်စိုက်ပျိုးပါက ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ပြီး နိုင်ငံခြားဝင်ငွေရရှိလာနိုင်မည့် သီးနှံတစ်မျိုး

ဖြစ်ကြောင်း သိရသည်။

**Source: DOCA (ပဲခူး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%95%E1%80%BC%E1%80%808A%E1%80%BA%E1%80%

## ပြည်ခရိုင်ရှိ လျှော်ဖြူဈေးကွက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၌ သီဟိုဠ်ပင်နှင့်လျှော်ဖြူပင်များကို စိုက်ပျိုးထားရှိရာ နိုဝင်ဘာလတွင် လျှော်ဖြူပင်များမှ လျှော်ဖြူအစေးများကို ထုတ်ယူလျက်ရှိကြောင်း၊ လျှော်ဖြူစေးများကို ပြည်တွင်း၌ အသုံးပြုရန်သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ပို့ကုန် (Export) တန်းဝင် အသီးအနှံများဖြစ်စေရေး တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်နှင့် ပြည်မြို့နယ်များတွင် လျှော်ဖြူပင်များကို စိုက်ပျိုးထားရှိရာ လျှော်ဖြူ (ခေါ်) ဆေးကုလားမသည် ၂၀၁၉ ခုနှစ်၊ ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကာလအထိ ဈေးကွက်တွင် ဈေးနှုန်းအလွန်ကောင်းမွန်လာခဲ့ပြီး ကြာဖံအမျှင်လျှော်ဖြူ တစ်ပိဿာလျှင် ၁၂၀,၀၀၀ ကျပ်၊ ရေခဲသားလျှော်ဖြူ တစ်ပိဿာလျှင် ၈၅,၀၀၀ ကျပ်နှင့် ပုံမှန်အစလျှော်ဖြူ တစ်ပိဿာလျှင် ၆၅,၀၀၀ ကျပ် ဈေးနှုန်းများရှိခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်းတွင် ပြည်ပဝယ်လက်လမ်းကြောင်းများ မရှိတော့သလောက်နည်းပါးသွားပြီး ဈေးကွက်တွင် တစ်ပိဿာလျှင် ၇,၀၀၀ ကျပ်မှ ၈,၀၀၀ ကျပ်ခန့်အထိ ဈေးနှုန်းများ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ယခုနှစ်၌ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်တွင် လျှော်ဖြူစိုက်ဧက (၇၃၀) ဧက စိုက်ပျိုးထားရှိပြီး လျှော်ဖြူစေးများကိုလည်း စတင်ထုတ်ယူနေကြောင်း၊ လျှော်ဖြူအစေးထုတ်ယူရာတွင် ကြာဖံအစေးလျှော်ဖြူနှင့် ရိုးရိုးအစေးလျှော်ဖြူစေးဟူ၍ (၂) မျိုးရှိရာ ကြာဖံအစေးလျှော်ဖြူ တစ်ပိဿာလျှင် (၁၀၀,၀၀၀) ကျပ်ရှိပြီး ရိုးရိုးလျှော်ဖြူအစေး တစ်ပိဿာလျှင် (၈,၀၀၀-၁၀,၀၀၀) ကျပ်ဈေးနှုန်းသာရှိကြောင်း၊ ရိုးရိုးအစေးလျှော်ဖြူကို ပင်စည်မှထုတ်ယူရရှိ၍ အထွက်နှုန်းကောင်းမွန်ပြီး ကြာဖံအစေးလျှော်ဖြူကို အပင်၏ကိုင်းမှထုတ်ယူရရှိသဖြင့် အထွက်နှုန်းနည်းကြောင်း၊ လျှော်ဖြူပင်မှ လျှော်ဖြူစေးကို မိုးရာသီနှင့် ဆောင်းရာသီကာလများ၌ အဓိကထုတ်ယူ၍ တစ်နှစ်ပတ်လုံး၌ အစေးထုတ်ချိန် (၈) လခန့်ရှိပြီး အစေးခြစ်ရာတွင် လူတစ်ဦး တစ်နေ့လျှင် (၂၅) ပင်သာ အစေးခြစ်ယူနိုင်ကြောင်း သိရသည်။

ရွှေတောင်မြို့နယ်အနေဖြင့် လျှော်ဖြူကို ဧကများစွာစိုက်ပျိုးကြပြီး ယခုအချိန်တွင် အပင် (၅၀၀) ကို စမ်းသပ်၍ အစေးထုတ်ယူလျက်ရှိရာ ကြာဖံအစေးလျှော်ဖြူမှာ ဈေးကောင်းရရှိနေကြောင်း၊ အစေးအထွက်နှုန်းအနေဖြင့် အကိုင်းအကြီး/အသေးပေါ်မူတည်၍ထွက်ရှိပြီး ထုတ်ယူရရှိသောအစေးများကို မန္တလေးမြို့သို့ တင်ပို့ရောင်းချကြပြီး နယ်ပွဲစားများကလည်း လာရောက်ဝယ်ယူကြကြောင်း၊ ပြည်ခရိုင်အနေဖြင့် လျှော်ဖြူစေးများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ပို့ကုန်များကို ထပ်မံတိုးချဲ့၍ စိုက်ပျိုးထုတ်လုပ်သွားပါက ပြည်ပဝင်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**Source: DOCA(ပဲခူး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%95%

## ရွှေဘိုဈေးကွက်တွင် နှမ်းသီးနှံများ ဈေးကောင်းရ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ နှမ်း (ဖြူ) နှင့် နှမ်း (နက်) များ နိုဝင်ဘာလ တတိယပတ်မှစတင်၍ ဝင်ရောက်လာပြီး နိုဝင်ဘာလတတိယအပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းများမှာ နှမ်း (ဖြူ) တစ်တင်းလျှင် (၁၁၀,၀၀၀) ကျပ် ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် (၁၈၀) တင်း၊ တန်အားဖြင့် (၅)တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နှမ်း(နက်)တစ်တင်းလျှင် (၁၀၈,၃၀၀) ကျပ်ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် (၁၅၀) တင်း၊ တန်အားဖြင့် (၄) တန် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် နှမ်းဈေးနှုန်းများနှိုင်းယှဉ်ပါက ယခင်နှစ်တွင် နှမ်း (နက်) တစ်မျိုးတည်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်တင်းလျှင် (၈၅,၀၀၀) ကျပ် ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ထက် နှမ်း (နက်) တစ်တင်းလျှင် (၂၃,၃၀၀) ကျပ် ပိုမိုရရှိခဲ့ကြောင်း

သိရှိရသည်။

**DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%9B%E1%80%BD%

## တရားမဝင်ကုန်သွယ်မှုကိုတားမြစ်ရန် လွတ်လပ်သောကုန်သွယ်မှုဇုန်ဥပဒေကို ပြင်ဆင်တော့မည့် စင်ကာပူ

လွတ်လပ်သောကုန်သွယ်မှုဇုန်ဥပဒေ (၁၉၆၆) ကို ပြင်ဆင်ရန်နှင့် လိုအပ်ပါက အကောက်ခွန်ဥပဒေ (၁၉၆၀)ကိုပါ တဆက်တည်းပြင်ဆင်ရန် ဥပဒေမူကြမ်းတစ်ခုကို စင်ကာပူပါလီမန်က တင်ပြထားပါသည်။ အဆိုပါ ဥပဒေမူကြမ်းကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ပထမအကြိမ်၊ အောက်တိုဘာလ ၄ ရက်နေ့တွင် ဒုတိယအကြိမ်ဆွေးနွေးခဲ့ကြပြီး လွတ်လပ်သောကုန်သွယ်မှုဇုန်အတွင်း တရားမဝင်ကုန်သွယ်မှုပြုလုပ်လာနိုင်သည့် အခြေအနေများကို တားဆီးနိုင်ရန် လိုင်စင်စနစ်၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေစိုးမိုးရေးတို့ကို အားပေးမည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။

ဥပဒေပြင်ဆင်ချက်များကို ၂၀၂၄ ခုနှစ်အစပိုင်းမှ စတင်ကျင့်သုံးမည်ဖြစ်ပြီး လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီများအနေဖြင့် ဥပဒေအသစ်၏ လိုအပ်ချက်များနှင့်ကိုက်ညီစေရန် ၆ လ အချိန်ရရှိမည်ဖြစ်ပါသည်။

ကမ္ဘာ့ဒုတိယအလုပ်အများဆုံး ကွန်တိန်နာဆိပ်ကမ်းနှင့် အကြီးဆုံးသယ်ယူပို့ဆောင်ရေးဗဟိုဖြစ်သော စင်ကာပူသည် မလက်ကာ ရေလက်ကြားအစွန်း၌ ဗျူဟာမြောက်တည်ရှိခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် လုပ်သာကိုင်သာရှိသော ပတ်ဝန်းကျင်နှင့်အခွန်နည်းပါးမှုတို့ကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံတကာကုန်သွယ်မှုဆောင်ရွက်နေသူများ အထူးစိတ်ဝင်စားသောနေရာဖြစ်ပါသည်။ လက်ရှိတွင် လွတ်လပ်သောကုန်သွယ်မှုဇုန် ၁၀ ခုက စင်ကာပူ၏ အဓိကဆိပ်ကမ်းနေရာများတွင် နိုင်ငံတကာကုန်သွယ်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

**လွတ်လပ်သော ကုန်သွယ်မှုဇုန်ဥပဒေတွင် ပြင်ဆင်မည့်အချက်များ**

လွတ်လပ်သောကုန်သွယ်မှုဇုန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအား ဒုတိယအကြိမ်ဆွေးနွေးရာတွင် ဘဏ္ဍာရေးဝန်ကြီး Chee Hong Tat က ကမ္ဘာပေါ်ရှိ လွတ်လပ်သောကုန်သွယ်မှုဇုန်များ၌ တရားမဝင်လုပ်ငန်းများဖြစ်သည့် လက်နက်ရောင်းဝယ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများ၊ ကုန်သွယ်မှုကိုအခြေခံသော ငွေကြေးခဝါချမှုများကို ဆောင်ရွက်လာကြကြောင်း၊ ကုန်စာရင်းအတုပြုလုပ်ခြင်း၊ ပြန်လည်တင်ပို့ခြင်း (re-export) မပြုလုပ်မီ တရားဝင်ကုန်စည်များနှင့် မှောင်ခိုပစ္စည်းများဖလှယ်ခြင်းတို့ကို ဇုန်ထဲတွင် တရားဝင်ကဲ့သို့ပြုမူနေကြကြောင်း၊ စင်ကာပူအကောက်ခွန်ဌာနအနေဖြင့် စီးပွားရေးလုပ်ငန်းများအား ရှောင်တခင်စစ်ဆေးခြင်း၊ ပြည်တွင်းနှင့်နိုင်ငံတကာ စီးပွားရေးမိတ်ဖက်များကို အရေးယူနိုင်သော စုံစမ်းထောက်လှမ်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်သောကုန်သွယ်မှုဇုန်တွင် စီးပွားရေးလုပ်ကိုင်သူများအနေဖြင့် ကုန်သွယ်မှုနှင့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေသည့် အခွင့်အရေးများဖြစ်သည့် အကောက်ခွန်နှင့် ပြည်တွင်းအခွန်များလျော့ပေါ့ခြင်း၊ ရိုးရှင်းသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများ၊ ထိရောက်သော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ကမ္ဘာ့ဈေးကွက်ဝင်ရောက်ခွင့်များ၊ နှစ်ခါထပ်အခွန်ကောက်ခြင်းမှ ကင်းလွတ်ခွင့်များစသည့်အခွင့်အရေးများကို ခံစားနေရပါကြောင်း၊ လွတ်လပ်သောကုန်သွယ်မှုဇုန်ဥပဒေ၏ လိုင်စင်စနစ်၊ ကုန်တင်ကုန်ချဆောင်ရွက်သူများ (Cargo Handlers) နှင့် ကိုယ်စားလှယ်များ၊ (Agents) အတွက် လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိများအတွက် ပြဋ္ဌာန်းထားသည့် အခွင့်အာဏာများ ပိုမိုခိုင်မာစေရန် ပြင်ဆင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

စင်ကာပူ၏ လွတ်လပ်သောကုန်သွယ်မှုဇုန်များကို အတိတ်ကာလများက အစိုးရကဦးဆောင်ခဲ့ပြီး နောက်ပိုင်းတွင် အများစုကို ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်နေပါသည်။ ဥပဒေအသစ်တွင် လွတ်လပ်သောကုန်သွယ်မှုဇုန်ကို စီမံခန့်ခွဲသူ (Zone Operator) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အတူ သက်ဆိုင်ရာဥပဒေအလိုက် လိုအပ်ချက်များနှင့်ကိုက်ညီစွာပြုမူရန် ရည်ရွယ်ထားပါသည်။ စီမံခန့်ခွဲသူများအနေဖြင့် ဇုန်လုံခြုံရေးအတွက် စီစီတီဗီများ၊ ခြံစည်းရိုးများပြုလုပ်ပေးခြင်း၊ အကောက်ခွန်အရာရှိများ လုပ်ငန်းဆောင်ရွက်နိုင်ရန် ကူညီပေးခြင်း၊ အကောက်ခွန်အရာရှိများနှင့်ဆက်သွယ်ဆောင်ရွက်မည့် ဇုန်ကိုယ်စားလှယ် အမည်ပေးထားခြင်း၊ ဇုန်အတွင်း တရားမဝင်ကုန်သွယ်မှုတားဆီးရန် စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း၊ အန္တရာယ်ရှိသော ကုန်စည်နှင့် လူများ ဇုန်အတွင်းဝင်ရောက်လာသည်ဟု သံသယရှိပါက အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားခြင်းစသည်တို့

လိုက်နာရမည်ဖြစ်ပါသည်။ အဆိုပါအချက်အများစုကို ယခင်ကတည်းက စင်ကာပူအကောက်ခွန်ဌာနမှ မြေပြင်တွင် ကျင့်သုံးခဲ့သော်လည်း ဥပဒေအဖြစ်ရေးဆွဲထားခြင်းမရှိ၍ ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါသည်။

ကုန်တင်ကုန်ချဆောင်ရွက်သူများ (Cargo Handlers)နှင့် သင်္ဘော/လေယာဉ်တင်ကိုယ်စားလှယ်များ (shipping/air cargo Agents) သည် လိုင်စင်ဖြင့်ခွင့်ပြုခြင်းတွင် မပါဝင်သော်လည်း ၎င်းတို့၏ တာဝန်နှင့်ဝတ္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပိုမိုခိုင်မာစေရန်ဥပဒေကို ပြင်ဆင်ရခြင်းဖြစ်ပါသည်။ ကုန်တင်ကုန်ချဆောင်ရွက်သူများ(Cargo Handlers)နှင့် သင်္ဘော/လေယာဉ်တင်ကိုယ်စားလှယ်များ (shipping/air cargo Agents) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဖော်ပြထားပါသည်။ ၎င်းတို့အနေဖြင့် အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်များအားလိုက်နာပြီး ဇုန်အတွင်း ကုန်စည်များရွှေ့ပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းများ၊ လုံခြုံရေးစနစ်နှင့်လုပ်ထုံးလုပ်နည်းများကိုလိုက်နာခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်သော (သို့မဟုတ်) ဥပဒေချိုးဖောက်နိုင်သော ကုန်စည်များနှင့်စပ်လျဉ်း၍ တင်ပြခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့ပြင် သင်္ဘော/လေယာဉ်တင်ကိုယ်စားလှယ်များသည် Bill of Lading (သို့မဟုတ်) Airway Bill တွင်ပါရှိသည့် အသေးစိတ်အချက်အလက်များကို ကုန်တင်ကုန်ချဆောင်ရွက်သူများထံသို့ ကုန်စည်များ စင်ကာပူသို့မရောက်မီ သို့မဟုတ် စင်ကာပူမှတဆင့်ဖြတ်ကျော်ခြင်းမပြုမီ ပေးအပ်ထားရမည်ဖြစ်ပါသည်။ ယခင်က တင်ပို့၊ တင်သွင်းလိုသည့်ကုန်စည်နှင့် တစ်ဆင့်ဖြတ်ကျော်ပို့ဆောင်လိုသည့် ထိန်းချုပ်ကုန်စည်များ၏ အချက်အလက်များကို တင်ပြရန်လိုအပ်သော်လည်း ယခုအခါ တစ်ဆင့် ဖြတ်ကျော်ပို့ဆောင်မည့်ကုန်စည်တိုင်း၏ အချက်အလက်များကို လျှောက်လွှာတွင် တင်ပြရမည်ဖြစ်ပါသည်။

သတ်မှတ်စည်းမျဉ်းအသစ်များနှင့် ကိုက်ညီခြင်းမရှိပါက ဒဏ်ကြေး စင်ကာပူဒေါ်လာ ၅,၀၀၀ မှ ၁၀,၀၀၀ ထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ ကျခံရမည်ဖြစ်ပါသည်။ ယခုပြောင်းလဲမှုများသည် စင်ကာပူကို ဖြတ်ကျော်တင်ပို့မည့် ကုန်စည်များနှင့်စပ်လျဉ်း၍ ပိုမိုမြင်သာစေရန် စင်ကာပူအကောက်ခွန်ဌာနက ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့ပါသည်။

အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိများအတွက် ပြဋ္ဌာန်းထားသည့်အခွင့်အာဏာများ ပိုမိုခိုင်မာစေရန် ပြင်ဆင်မှုများတွင် ညွှန်ကြားရေးမှူးချုပ်သည် ဇုန်အတွင်း လုပ်ငန်းဆောင်ရွက်ခွင့်လိုင်စင်ကို ပိတ်သိမ်းနိုင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်သူကို ပြစ်တင်သတိပေးခြင်း၊ လိုင်စင်နှင့်ပတ်သက်၍ အချက်အလက်အသစ်များပြဋ္ဌာန်းခြင်း၊ ဥပဒေချိုးဖောက်ခြင်းမရှိစေရန် အမိန့်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

အကောက်ခွန်အရာရှိများအနေဖြင့် ဇုန်အတွင်း ဥပဒေနှင့်အညီဆောင်ရွက်ခြင်းရှိ/မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ ဇုန်အတွင်း စုံစမ်းစစ်ဆေးမှုဆောင်ရွက်ခြင်း၊ ဓာတ်ပုံ ၊ ဗီဒီယို (သို့မဟုတ်) အသံဖိုင်များ ရိုက်ကူးမှတ်တမ်းတင်ခြင်း၊ စစ်ဆေးရန်အတွက် ကုန်စည်များကိုထိန်းသိမ်းခြင်း၊ ကုန်စည်များကို စစ်ဆေးရန်နေရာသို့ရွှေ့ပြောင်းခြင်း၊ ပြစ်မှုကျူးလွန်ခဲ့သော/ကျူးလွန်ရန်ကြိုးပမ်းသော/ပြစ်မှုကျူးလွန်ရန်ကြိုးပမ်းသူကို ကူညီသောသူများအား ဝရမ်းမပါရှိဘဲဖမ်းဆီးနိုင်ခြင်း၊ အချက်အလက်နှင့်စာရွက်စာတမ်းများတောင်းဆိုနိုင်ခြင်းစသည့် လုပ်ပိုင်ခွင့်များရရှိပါသည်။

ယခုကဲ့သို့ ပြင်ဆင်ချက်များကြောင့် လွတ်လပ်သော ကုန်သွယ်မှုဇုန်အတွင်း ဆောင်ရွက်နေသော စင်ကာပူကုမ္ပဏီများအတွက် ကြီးမားသောပြောင်းလဲမှုမရှိဘဲ တရားမဝင်ကုန်သွယ်မှုကိုတားဆီးရန်နှင့် စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ဇုန်စီမံခန့်ခွဲသူများ (Zone Operator)၊ ကုန်တင်ကုန်ချဆောင်ရွက်သူများ (Cargo Handlers)နှင့် ကိုယ်စားလှယ်များ(Agents) အနေဖြင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့အပါအဝင် နိုင်ငံတကာကုန်သွယ်မှုအလေ့အထများနှင့်ကိုက်ညီသည့် ပိုမိုမြင့်မားသော စံချိန်စံညွှန်းများကို လိုက်နာရန်လိုအပ်မည်ဖြစ်ပါသည်။ သို့သော် အကောက်ခွန်အရာထမ်းများ၏ လိုင်စင်ချပေးမှု၊ ရှောင်တခင် စစ်ဆေးမှုအပါအဝင် လုပ်ပိုင်ခွင့်အာဏာများပြားလာခြင်းက လုပ်ငန်းများပိုမိုလျင်မြန်စေသကဲ့သို့ အုပ်ချုပ်မှုဆိုင်ရာ ရှုတ်ထွေးမှုများလည်းရှိလာနိုင်ကြောင်း သုံးသပ်ကြပါသည်။

ဥပဒေပြောင်းလဲမှုများကြောင့် ကမ္ဘာ့ထိပ်တန်းသယ်ယူပို့ဆောင်ရေးဗဟိုအဖြစ် နာမည်ကျော်ကြားသည့် စင်ကာပူအပေါ် ယုံကြည်မှု ပိုမိုရရှိလာမည်ဖြစ်ပါသည်။ ဘဏ္ဍာရေးဝန်ကြီး Chee Hong Tat က စင်ကာပူနှင့် တရားဝင်ကုန်သွယ်မှု ပြုလုပ်သူများအနေဖြင့် ခိုင်မာပြီးကျွမ်းကျင်သော စီးပွားရေးစနစ်၏ အကျိုးအမြတ်ကို ခံစားရမည်ဖြစ်သကဲ့သို့ စင်ကာပူကလည်း ကမ္ဘာ့ထိပ်တန်း ကုန်သွယ်မှုဗဟိုနှင့် ကမ္ဘာ့ထိပ်တန်း နိုင်ငံဖြတ်ကျော် သယ်ယူပို့ဆောင်မှုနိုင်ငံအဖြစ် ဆက်လက်ယှဉ်ပြိုင်ရပ်

တည်သွားနိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**Source:** https://www.aseanbriefing.com/

https://www.commerce.gov.mm/my/article/update-news-international-trade/%E1%80%90%

## STOCK EXCHANGE (22.11.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Nov. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,447 (Shares) | 12,864,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -400 | -4.55% | 8,500 | 8,800 | 8,300 | 797 | 6,751,200 | 33,109,694 | 278,121 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,850 | 1,016 | 2,941,400 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | -100 | -1.35% | 7,300 | 7,300 | 7,300 | 79 | 576,700 | 10,400,986 | 75,927 |
| FPB | 00004 | 1,600 | +0 | +0.00% | 1,550 | 1,600 | 1,550 | 971 | 1,517,500 | 29,664,613 | 47,463 |
| TMH | 00005 | 2,450 | +50 | +2.08% | 2,450 | 2,450 | 2,450 | 10 | 24,500 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 215 | 430,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 4 | 19,600 | 10,497,598 | 51,438 |
| MAEX | 00008 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 355 | 603,500 | 23,804,946 | 40,468 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 22nd Nov. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 359.29 | -7.23 | -1.97% | 366.52 | 366.52 | 357.19 | 3,447 | 12,864,400 | 8 | 677,684 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 22nd Nov. 2023

| Trading Volume | Trading Value |
|---|---|
| 3,447 (Shares) | 12,864,400 (MMK) |

### Main Board

As of 1:00 pm, 22nd Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,447 (Shares) | 12,864,400 (MMK) |

| MYANPIX | 359.29 ▼ 7.23 |
|---|---|
| Total Volume (shares) | 3,447 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,684 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 400 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▼ 100 |
| FPB | 00004 | 1,600 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 50 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,700 | ▲ 0 |

TIR